# ACC Against COVID-19




## အစီအစဉ် ( ၅၄ )

# ကိုဗစ်ကာလ အုပ်ချုပ်မှုဆိုင်ရာ ကိုယ်ကျင့်စေတနာ

တင်ပြသူ
ဒေါက်တာ ဆန်းထွန်း (ဒဿနိကဗေဒ)

# ကိုယ်ကျင့်တရားဆိုင်ရာ ပညာရပ် (Ethics)

- ယနေ့ကမ္ဘာ့နိုင်ငံအသီးသီးတွင် ကပ်ရောဂါကို ရင်ဆိုင်ဖြေရှင်းရာ၌ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပြည်သူတစ်ရပ်လုံးက ပူးပေါင်း ဆောင်ရွက်ကြရသည်။ ယခုဆောင်းပါးတွင် မိမိတို့နိုင်ငံ၏ ကပ်ရောဂါ ကိုင်တွယ်ဖြေရှင်း ဆောင်ရွက်နေမှုများကို ကိုယ်ကျင့်တရားပညာ ရှုထောင့်မှ ကိုဗစ်ကာလ အုပ်ချုပ်မှုဆိုင်ရာ ကိုယ်ကျင့်စေတနာကို ရေးသားတင်ပြမည် ဖြစ်ပါသည်။

- ဒဿနိကဗေဒအရ ကိုယ်ကျင့်တရားပညာ (Ethics) သည် မေတ္တာတရားနှင့် ဉာဏ်ပညာကို အခြေပြုသော တွေးခေါ်မျှော်မြင်မှုပညာဖြစ်သည်။ လောက ကောင်းကျိုးကို ဉာဏ်ပညာဖြင့် ဆင်ခြင်လေ့လာသော ဘာသာရပ်ဖြစ်သည်။



- ကိုယ်ကျင့်တရားပညာတွင် အယူအဆများကို လေ့လာရသော ကိုယ်ကျင့်တရားပညာ (Theoretical Ethics) နှင့် လက်တွေ့ အသုံးချ ကိုယ်ကျင့်တရားပညာ (Applied Ethics) တို့ကို ခွဲခြား လေ့လာကြရပါသည်။
- အယူအဆများကိုလေ့လာရသော ကိုယ်ကျင့်တရားပညာ (Theoretical Ehtics) တွင် စံနှုန်းများနှင့် အယူအဆများကို ခွဲခြမ်းစိတ်ဖြာ ဝေဖန်ဆန်းစစ် လေ့လာကြရပါသည်။



## Theoretical Ethics

Metaethics or analytical ethics:

theoretical study that inquires into semantic, logical, and epistemological issues in ethics. It investigates the meaning of ethical terms, the nature of value judgments, and the justification of ethical theories and judgments.

Normative ethics: theory which justifies which acts are

morally good/bad.



- လူတွင်ရှိသော အကျင့်စရိုက် ကောင်းမြတ်မှုကို စံနှုန်းအဖြစ်ယူဆပါက ကောင်းမြတ်မှု အခြေပြု ကိုယ်ကျင့်တရားအယူအဆ (Virtue Ethics) ဖြစ်သည်။

- ရလဒ်ကို စံနှုန်းအဖြစ် ယူဆပါက ရလဒ်အခြေပြု ကိုယ်ကျင့်တရားအယူအဆ (Consequentialism) ဖြစ်သည်။ မူဝါဒကို စံနှုန်းအဖြစ်ယူဆပါက မူဝါဒ အခြေပြု ကိုယ်ကျင့်တရားအယူအဆ (Formalism) ဖြစ်သည်။



- ကောင်းမြတ်မှုအခြေပြု ကိုယ်ကျင့်တရား (Virtue Ethics) အယူအဆအရ လူတွင်ရှိသင့်သော ဉာဏ်ပညာ၊ သတ္တိ၊ စောင့်ထိန်းမှုနှင့် မျှတသော အပြုအမူသည် ကောင်းမွန်မှန်ကန်သော အပြုအမူ ဖြစ်သည်ဟု ယူဆသည်။ ရလဒ်အခြေပြု ကိုယ်ကျင့်တရား အယူအဆ (Consequentialism) အရ မိမိအကျိုး၊ အများအကျိုးရှိသော အပြုအမူသည် ကောင်းမွန်မှန်ကန်သော အပြုအမူ ဖြစ်သည်ဟု ယူဆသည်။

- မူဝါဒအခြေပြု ကိုယ်ကျင့်တရား အယူအဆ (Formalism) အရ တာဝန်သိမှု၊ ဖြောင့်မတ်မှု၊ စိတ်ကောင်း စေတနာကောင်းရှိမှုဖြင့် ဆောင်ရွက်သော အပြုအမူသည် ကောင်းမွန်မှန်ကန်သော အပြုအမူ ဖြစ်သည်ဟု ယူဆသည်။






- လက်တွေ့အသုံးချ ကိုယ်ကျင့်တရားပညာ (Applied Ethics) သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စီမံအုပ်ချုပ်ရေးနှင့် အသက်မွေးပညာ ကျွမ်းကျင်မှုနယ်ပယ် စသည့် လက်တွေ့ဘဝ နယ်ပယ်အသီးသီးတွင် ကိုယ်ကျင့်တရားပညာဆိုင်ရာ အယူအဆနှင့် စံနှုန်းများ ကျင့်သုံးပုံကို လေ့လာခြင်းဖြစ်ပါသည်။

- ယနေ့ခေတ်တွင် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍအလိုက် လိုအပ်သော အသက်မွေးဝမ်းကျောင်းပညာသည် ပရော်ဖက်ရှင်နယ်သမားများကို စီမံချက်ချပြီး မွေးထုတ်ပေးလျက်ရှိကြသည်။



- သို့သော် ဒဿနိကဗေဒရှုထောင့်မှ ဆင်ခြင်ပါက ပရော်ဖက်ရှင်နယ်သမားများစွာ ရှိနေရုံမျှနဲ့ မလုံလောက်သေးပါ။
- ပရော်ဖက်ရှင်နယ်ကျင့်ဝတ် (Professional Ethics) လိုက်နာသူတွေဖြစ်ရန်လည်း အရေးကြီးပါသည်။



- စီမံအုပ်ချုပ်မှုဆိုင်ရာ ကိုယ်ကျင့်တရားပညာ (Administrative Ethics) သည် ပြည်သူ့ရေးရာ စီမံအုပ်ချုပ်ရေး (Public Administration) နယ်ပယ်တွင် လက်တွေ့အသုံးချသော ကိုယ်ကျင့်တရားပညာ ဖြစ်ပါသည်။ လူတွင်ရှိသော အကျင့်စရိုက် ကောင်းမြတ်မှုအယူအဆ၊ ရလဒ် အခြေပြုအယူအဆနှင့် မူဝါဒအခြေပြုအယူအဆတို့ကို ဆက်စပ်ဆင်ခြင်၍ အသုံးချရန် ဖြစ်ပါသည်။ စီမံခန့်ခွဲသူ၏ အကျင့်စရိုက်သည် ရလဒ်ကောင်းများဖြစ်စေသည့် အရေးပါသော အခြေခံတရားဖြစ်သည်။ အဖွဲ့အစည်းအသီးသီးတွင် ခေါင်းဆောင်နေသူတို့၏ ကောင်းသော ကိုယ်ကျင့်သီလသည် ပြည်သူများအား နမူနာကောင်းရရှိစေရုံသာမက မှုကောင်းနှင့်စနစ်ကောင်းကို တည်ဆောက်ရန် အထောက်အကူ ဖြစ်ပေသည်။



- ပြည်သူ့နီတိအရ လူသည် နိုင်ငံရေးသတ္တဝါ ဖြစ်သည်။
- ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန် တာဝန်ရှိမှုကို နားလည်သူ ဖြစ်သည်။
- ပြည်သူ့အရေးကိစ္စများတွင် တက်ကြွစွာ ဆောင်ရွက်တတ်သောသူတို့ကို နိုင်ငံသားကောင်းအဖြစ် သတ်မှတ်နိုင်သည်။
- အများအကျိုးနှင့် အများအရေးကိစ္စများတွင် ပါဝင်ခြင်းမပြုဘဲ မိမိ အကျိုးကိုသာ ကြည့်တတ်ပြီး အဂတိလိုက်စားခြင်းသည် ပြည်သူ့နီတိ ကင်းမဲ့သည်ဟု ပါမောက္ခ ကရမ်နစ်က မိန့်ဆိုပါ၏ ။

- အင်္ဂလိပ် ဘာသာစကားတွင် "လူ" ၏ အဓိပ္ပာယ်မှာ လက်တင်စကား "ကောင်းမြတ်မှု" မှ ဆင်းသက်သည်။
- မြန်မာစကား "လူ" ၏အဓိပ္ပာယ်သည် ပါဠိဘာသာ "မနုဿ" မှ ဆင်းသက်သည်။ "မြတ်သောစိတ်ထားရှိသူ၊ အမှားအမှန် အကောင်းအဆိုး ခွဲခြားနိုင်စွမ်းရှိသူ" အဓိပ္ပာယ်ရသည်။
- ကိုယ်ကျင့်စေတနာဆိုသည်မှာ ကောင်းသောအပြုအမူ၏ ရှေ့ပြေးစိတ်ထားဖြစ်သည်။
- သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက မြန်မာနိုင်ငံ၏ နှစ်ဆယ်ရာစု အထူးခြားဆုံး ပုဂ္ဂိုလ်အဖြစ် မှတ်တမ်းတင်ထားသော အရှင်ဇနကာဘိဝံသ ကလည်း "စိတ်ကောင်း ရှိဖို့ ပထမ" ဟု မိန့်ဆိုခဲ့ပါ၏။

- အများအကျိုးစီမံခန့်ခွဲသူများသည် ရလဒ်အခြေပြု ကိုယ်ကျင့်တရားအယူအဆအရ ပြည်သူ့အကျိုး ရှေ့ရှုသော ဆောင်ရွက်မှု ပြုလုပ်ကြရသည်။ အစိုးရ၏ အုပ်ချုပ်မှု အောင်မြင်ခြင်း၏ အဓိကသော့ချက်ဖြစ်သည့် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကို ရရှိစေရန် အားထုတ်ကြရမည် ဖြစ်သည်။
- နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကလည်း "ပြည်သူတစ်ဦးချင်းဟာ နိုင်ငံအတွက် တန်ဖိုးရှိပါတယ်။ ပြည်သူတွေရဲ့ စုပေါင်းအင်အားက နိုင်ငံရဲ့ကိုယ်ခံစွမ်းအားပါပဲ" ဟူသော စကားဖြင့် mask ချုပ်ပြိုင်ပွဲ ပြုလုပ်၍ ပြည်သူတစ်ရပ်လုံး ပါဝင်လာအောင် စည်းရုံးခဲ့သည်။









- ကပ်ရောဂါကြောင့် အဖက်ဖက်မှ ထိခိုက်မှုများကို လျော့ပါးသက်သာစေရန် လက်လုပ်လက်စားများအား ထောက်ပံ့ကြေးများပေးခြင်း၊ မီတာခလျှော့ပေးခြင်းနှင့် လုပ်ငန်းရှင်များအား ချေးငွေထုတ်ပေးခြင်း၊ နိုင်ငံခြားမှ ပြန်လာသူများအား စနစ်တကျ စောင့်ရှောက်ပေးခြင်း၊ ပရဟိတ အဖွဲ့များအား နိုင်ငံတော်ဦးဆောင်မှုဖြင့် စုစည်းပေးခြင်း၊ အလွှာအသီးသီးမှပြည်သူများ၊ ပညာရှင်များ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဗီဒီယိုကွန်ဖရင့်ပြုလုပ်၍ ဆွေးနွေးညှိနှိုင်းခြင်းတို့သည် ရလဒ်ကောင်းများရရှိရေး ကျင့်ဝတ်ကို လက်ကိုင်ပြု၍ စီမံခန့်ခွဲခြင်းပင် ဖြစ်သည်။

- အကြပ်အတည်း ကာလအတွင်းမှာပင် မိမိတို့လက်ကိုင်ပြုရမည့် မူဝါဒဆိုင်ရာ စံတန်ဖိုးများဖြစ်တဲ့ ဖြောင့်မတ်တည်ကြည်မှု၊ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု တာဝန်ခံမှုတို့ကို အထိခိုက်မခံဘဲ မူဝါဒအခြေပြု ကိုယ်ကျင့်တရားဆိုင်ရာ ကျင့်ဝတ်နှင့်အညီ စီမံအုပ်ချုပ်ခြင်းပင်ဖြစ်သည်။









- သို့ဖြစ်ပါ၍ ကမ္ဘာအသီးသီးရှိ အလွှာအသီးသီးမှ စီမံခန့်ခွဲသူများအနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကို ရင်ဆိုင်ဖြေရှင်းနေရာတွင် မေတ္တာတရားနှင့်ဉာဏ်ပညာကိုအခြေခံသော ကိုယ်ကျင့်သီလဆိုင်ရာကျင့်ဝတ်၊ အများအကျိုးကို ရှေ့ရှုဆောင်ရွက်တတ်သော ရလဒ်အခြေပြု ကိုယ်ကျင့်တရားအယူအဆနှင့် အခြေခံတန်ဖိုးများကို အလေးထားသည့် မူဝါဒအခြေပြု ကိုယ်ကျင့်တရားဆိုင်ရာ ကျင့်ဝတ်များကို လက်ကိုင်ပြု၍ အုပ်ချုပ်မှုဆိုင်ရာ ကိုယ်ကျင့်တရားတို့နှင့်အညီ စီမံခန့်ခွဲခြင်းဖြင့် ကိုဗစ်-၁၉ ကို အောင်မြင်စွာ ရင်ဆိုင်ကျော်လွှားနိုင်မည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။